ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

CERP Plan အရ အကောင်အထည်ဖော် ဆောင်ရွက်သည့်

# Cash For Work စီမံကိန်း

## ဆောင်ရွက်ပြီးစီးမှုအစီရင်ခံစာ









၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၂၈ ရက်

# မာတိကာ


၁။ နောက်ခံအကြောင်းအရာ.................................................................................. ၃
၂။ အစီရင်ခံစာ၏ ရည်ရွယ်ချက်........................................................................... ၃
၃။ စီမံကိန်း ဒီဇိုင်းရေးဆွဲခြင်း................................................................................. ၄
၄။ ရန်ပုံငွေ တင်ပြတောင်းခံခြင်းနှင့် ခွင့်ပြုချက်ရရှိခြင်း............................................. ၅
၅။ ကြိုတင်ပြင်ဆင်ခြင်း........................................................................................... ၆
၆။ Cash for Work စီမံကိန်းဆောင်ရွက်မှုအခြေအနေ............................................... ၆
၆-၁။စီမံကိန်းရည်ရွယ်ချက်........................................................................................ ၆
၆-၂။ ဆောင်ရွက်ခဲ့သည့်နည်းလမ်းများ............................................................................ ၇
၆-၃။ စီမံကိန်းဧရိယာရွေးချယ်ခြင်း................................................................................. ၇
၆-၄။ သင်တန်းပို့ချမှု.................................................................................................... ၈
၆-၅။ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်း ........................................ ၁၀
၆-၅.၁။နိုင်ငံတကာအဖွဲ့အစည်းများဖြင့်ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ခြင်း.............................................................................. ၁၀
၆-၅.၂။ စီမံကိန်းစက်ဝန်း ......................................................................... ၁၀
၆-၅.၃။ကော်မတီဝင်များရွေးချယ်ဖွဲ့စည်းခြင်း............................................................ ၁၁
၆-၅.၄။ ကျေးရွာအဆင့် စီမံခန့်ခွဲမှုသင်တန်းပို့ချခြင်း (Community Management Training)............................................................ ၁၂
၆-၅.၅။ လုပ်ငန်းခွဲများရွေးချယ်ခြင်း........................................................................ ၁၂
၆-၆။ ငွေကြေးစီမံခန့်ခွဲခြင်း........................................................................................ ၁၂
၆-၆.၁။ ရန်ပုံငွေထောက်ပံ့ပေးခြင်း......................................................................... ၁၂
၆-၆.၂။ ငွေစာရင်းစစ်ဆေးနိုင်မှု................................................................................ ၁၃
၆-၇။ စောင့်ကြည့်ကြီးကြပ်ခြင်းနှင့်သတင်းအချက်အလက်များစီမံခန့်ခွဲခြင်း....... ၁၄
၆-၇.၁။ စောင့်ကြည့်ကြီးကြပ်ခြင်း.............................................................................. ၁၄
၆-၇.၂။ သတင်းအချက်အလက်စီမံခန့်ခွဲခြင်း(Project MIS)................. ၁၇
၆-၈။ ဝေဖန်အကဲဖြတ်ခြင်းဆိုင်ရာအခန်းကဏ္ဍ....................................................... ၁၇
၆-၉။ လူမှုဆိုင်ရာပူးပေါင်းပါဝင်မှု.................................................................................. ၁၉
၆-၉.၁။ ကျား/မဆိုင်ရာကဏ္ဍ..................................................................................... ၁၉
၆-၉.၂။ တိုင်းရင်းသားများနှင့်ဘာသာရေးအုပ်စုများ.................................................. ၁၉
၆-၁၀။ သတင်းပြန်ကြားဆက်သွယ်ရေး........................................................................ ၁၉

၇။ အခြေခံအဆောက်အအုံဆိုင်ရာကဏ္ဍများ.......................................................... ၂၁
၇-၁။ ကဏ္ဍအလိုက်စီမံကိန်းလုပ်ငန်းခွဲအမျိုးအစား.......................................... ၂၁
၇-၂။ လုပ်သားပါဝင်မှု........................................................................................ ၂၂
၇-၃။ သဘာဝဘေးအန္တရာယ်ကြောင့်ပျက်စီးဆုံးရှုံးမှုများ.................................... ၂၃
၈။ ကဏ္ဍအလိုက်စစ်ဆေးခြင်း.................................................................... ၂၃
၈-၁။ ဌာနတွင်းစာရင်းစစ်ဆေးခြင်း (Internal Audit)................................ ၂၃
၈-၂။ နည်းပညာဆိုင်ရာ စစ်ဆေးခြင်း(Technical Audit)............................ ၂၄
၈-၃။ လုပ်ဆောင်ချက်ဆိုင်ရာ စစ်ဆေးခြင်း (Performance Audit)................ ၂၄
၉။ တွေ့ကြုံခဲ့ရသောအခက်အခဲများ.......................................................... ၂၅
၉-၁။အခက်အခဲများကို ဖြေရှင်းကျော်လွှားနိုင်မှုများ........................................ ၂၆
၁၀။ သုံးသပ်ချက်နှင့်အကြံပြုတင်ပြချက်................................................... ၂၇
၁၁။ ရေရှည်တည်တံ့စေရေးအတွက် ဆောင်ရွက်မည့်အစီအစဉ်.......................... ၂၈
၁၁-၁။ လုပ်ငန်းလည်ပတ်ထိန်းသိမ်းရေးအစီအစဉ် .......................................... ၂၈
(Operation & Maintenance Plan)
၁၁-၂။ ရေရှည်ဆောင်ရွက်မည့် အစီအမံ.......................................................... ၂၉
၁၂။ နိဂုံး...................................................................................................... ၃၀

နောက်ဆက်တွဲများ

နောက်ဆက်တွဲ-(က) စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မှု အခြေပြပုံ
နောက်ဆက်တွဲ-(ခ) စီမံကိန်းကျေးရွာနှင့် လုပ်ငန်းခွဲများစာရင်း
နောက်ဆက်တွဲ-(ဂ) WSAP စီမံကိန်းဖြင့်ဆောင်ရွက်သော ကျေးရွာများစာရင်း
နောက်ဆက်တွဲ-(ဃ) ဝေဖန်အကြံပြုဖြေရှင်းဆောင်ရွက်ခဲ့မှုအခြေအနေ
နောက်ဆက်တွဲ-(င) စီမံကိန်းဆောင်ရွက်မှု မှတ်တမ်းဓါတ်ပုံများ

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

**Cash– for – Work စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မှု အစီရင်ခံစာ**

## ၁။ နောက်ခံအကြောင်းအရာ

၁။ ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါအဖြစ် သတ်မှတ်သတ်ထားသော ကိုရိုနာဗိုင်းရပ်ရောဂါ (Covid–19) သည် မြန်မာနိုင်ငံ၌ ၂၀၂၀ ပြည့်နှစ်၊ မတ်လ (၂၃)ရက်နေ့တွင် စတင်ဖြစ်ပွားခဲ့ပြီး ကျေးလက်ဒေသများအပါအဝင် နိုင်ငံအနှံ့ကူးစက်ပြန့်ပွားလျက်ရှိပါသည်။ အဆိုပါကပ်ရောဂါသည် ပြည်သူများ၏ ကျန်းမာရေးအပေါ်တွင်သာမက လူမှုစီးပွားဘဝများအပေါ်တွင်လည်း ဝန်ထုပ်ဝန်ပိုးများ ဖြစ်ပေါ်စေခဲ့ပါသည်။ ရောဂါကူးစက်မှုအား ထိန်းချုပ်နိုင်ရန်အတွက် မဖြစ်မနေဆောင်ရွက်ရသည့် အသွားအလာထိန်းချုပ်ကန့်သတ်ခြင်း၊ လူစုလူဝေးတားမြစ်ခြင်းတို့ကြောင့် ပြည်သူများ၏ မိသားစုဝင်ငွေရရှိရေးလုပ်ငန်းများကို ထိခိုက်လျက်ရှိပါသည်။

၂။ ယင်းထိခိုက်မှုများကို ကုစားနိုင်ရေးအတွက် (၂၇–၄–၂၀၂၀) ရက်နေ့တွင် မြန်မာနိုင်ငံတော်အစိုးရမှ Covid–19 စီးပွားရေးထိခိုက်မှု သက်သာစေရေးစီမံချက် (Covid–19 Economic Relief Plan) ကို ရေးဆွဲထုတ်ပြန်ခဲ့ပါသည်။ အဆိုပါ CERP စီမံချက်တွင် မက်ခရိုစီးပွားရေးတည်ငြိမ်မှု မူဝါဒများမှ စ၍ အလုပ်လက်မဲ့များအတွက် အလုပ်အကိုင်ဖန်တီးပေးနိုင်မည့် အစီအစဉ်များလည်း ပါဝင်ပါသည်။ ယင်းစီမံချက်၏ လုပ်ငန်းစီမံချက် Action Plan 2.1.7(d) အရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ၂၀၁၉–၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ဒေသများ၌ ကုန်ထုတ်လုပ်မှုနှင့် ကျေးလက်အခြေခံအဆောက်အအုံဖွံ့ဖြိုးရေး အထောက်အကူပြု Cash for Work စီမံကိန်းကို ကျေးရွာပေါင်း (၂၅၀၅) ရွာတွင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။

## ၂။ အစီရင်ခံစာ၏ ရည်ရွယ်ချက်

၃။ ယခုအစီရင်ခံစာ တင်ပြရခြင်း၏ အဓိကရည်ရွယ်ချက်မှာ စီမံကိန်းကျေးရွာများ၌ Cash for Work စီမံကိန်းဆောင်ရွက်သည့် လုပ်ငန်းစဉ်များ၊ လုပ်ငန်းတိုးတက်မှုအခြေအနေများ၊ စီမံကိန်းဆောင်ရွက်ခြင်းဖြင့် ရရှိသည့်အကျိုးကျေးဇူးများ၊ တွေ့ကြုံခဲ့ရသည့် အခက်အခဲများ၊ သင်ခန်းစာဖော်ထုတ်ချက်များနှင့် အနာဂတ်စီမံကိန်းများတွင် ထည့်သွင်းစဉ်းစားသင့်သည့် အချက်များကို မှတ်တမ်းတင်နိုင်ရန်အတွက် ရေးသားပြုစုရခြင်း ဖြစ်ပါသည်။

## ၃။ စီမံကိန်းဒီဇိုင်းရေးဆွဲခြင်း

၄။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် Covid-19 ကူးစက်ကပ်ရောဂါကြောင့် အလုပ်အကိုင်များ ယာယီရပ်ဆိုင်းခဲ့ရပြီး ထိခိုက်ဆုံးရှုံးမှုများရှိသော ကျေးလက်နေပြည်သူများ ချက်ချင်းဝင်ငွေရရှိစေရန်အတွက် မိမိတို့ကျေးရွာများတွင် ကုန်ထုတ်လုပ်မှုနှင့် ကျေးရွာအခြေခံ အဆောက်အအုံဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးလက်နေပြည်သူများ ကိုယ်တိုင်ဆောင်ရွက်စေ၍ လုပ်အားခငွေထောက်ပံ့ပေးသည့် Cash for Work အစီအစဉ်အား ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ပထမ အပတ်မှစတင်၍ ဒီဇိုင်းရေးဆွဲခဲ့ပါသည်။

၅။ COVID-19 ကာလ၌ မြေပြင်တွင် ကန့်သတ်ချက်များအတွင်းမှ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် စီမံကိန်းဒီဇိုင်းရေးဆွဲရာတွင် ထည့်သွင်းစဉ်းစားရန် လိုအပ်သည့် အချက်အလက်များရရှိနိုင်ရန် ကျေးလက်ဦးစီးဌာန(ရုံးချုပ်)မှ သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနများနှင့် ညှိနှိုင်းတိုင်ပင်မှုများကို Video Conferencing စနစ်ဖြင့်(၅)ကြိမ် ဆောင်ရွက်ခဲ့ပါသည်။ ထို့အပြင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာန ကွပ်ကဲမှုအောက်ရှိ ဆက်စပ်ဦးစီးဌာနများ၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်သူ့အင်အားဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်နယ် /တိုင်းဒေသကြီး အစိုးရအဖွဲ့များနှင့် ညှိနှိုင်းတိုင်ပင်မှုများကိုလည်း ဆောင်ရွက်ခဲ့ပါသည်။

၆။ ထို့အပြင် နိုင်ငံတကာအဆင့်မီ စီမံကိန်းဒီဇိုင်းဖြစ်ပေါ်စေရေးအတွက် ကမ္ဘာ့ဘဏ်မှ ကျွမ်းကျင် ပညာရှင်များ၊ မြန်မာနိုင်ငံတွင် အလားတူစီမံကိန်းများ ဆောင်ရွက်ဖူးသည့် အတွေ့အကြုံရှိသော ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် ဆွေးနွေးအကြံ ဉာဏ် ရယူခြင်းများကိုလည်း ဆောင်ရွက်ခဲ့ပါသည်။ အထူးသဖြင့် ကမ္ဘာ့ဘဏ်၏ ရန်ပုံငွေအရင်း အမြစ်ကို ရယူသုံးစွဲနိုင်ရန်အတွက် လိုအပ်ချက်များဖြစ်သည့် ကျေးရွာရွေးချယ်ရေးညွှန်းကိန်းများ ခိုင်မာစေရေး၊ လူမှုပတ်ဝန်းကျင်နှင့်သဘာဝပတ်ဝန်းကျင် အကာအကွယ်များ၊ ကျား/မရေးရာ ကိစ္စရပ်များ၊ စောင့်ကြည့်ကြီးကြပ်ခြင်းလုပ်ငန်းစဉ်များ၊ သတင်းအချက်အလက်စီမံခန့်ခွဲမှု စနစ် များ၊ ဝေဖန်အကြံပြုတိုင်ကြားဖြေရှင်းခြင်းစနစ်များ ပါဝင်စေရေးအတွက် နိုင်ငံတကာပညာရှင် များနှင့် ဆွေးနွေးညှိနှိုင်းမှုများကို အကြိမ်ကြိမ်ဆောင်ရွက်ခဲ့ပါသည်။ စီမံကိန်းကို မြေပြင်တွင် စနစ် တကျ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် **“စီမံကိန်းအကောင်အထည်ဖော်ရေး လက်စွဲ စာစောင်”** ကို ရေးဆွဲပြုစုခဲ့ပြီး ယင်းလက်စွဲစာစောင်နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက် နိုင်ခဲ့ပါသည်။

၇။ ရေးဆွဲပြီးသော စီမံကိန်းဒီဇိုင်းအား အတည်ပြုနိုင်ရန်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့ထံ တင်ပြအတည်ပြုချက်ရယူ

ခြင်း၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးများထံ တင်ပြခြင်းတို့ကို လည်းဆောင် ရွက်ခဲ့ပါသည်။ ရေးဆွဲထားသော စီမံကိန်းဒီဇိုင်းကို အခြေခံပြီး Cash for Work ရှေ့ပြေးစီမံကိန်း အဖြစ် ပြည်ထောင်စုနယ်မြေ(နေပြည်တော်)နှင့် ပြည်နယ်/တိုင်းဒေသကြီးများတွင် ကျေးရွာ (၁) ရွာစီဖြင့် စုစုပေါင်းကျေးရွာ (၁၇) ရွာတွင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ ကနဦးစီမံကိန်း ဆောင်ရွက်မှု၏ အားနည်းချက်၊ အားသာချက်များကို သင်ခန်းစာရယူ၍ **"စီမံကိန်းအကောင်အထည်ဖော်ရေး လက်စွဲစာစောင်"** ကို မွမ်းမံပြင်ဆင်နိုင်ခဲ့ပြီး စီမံကိန်းအား ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။

## ၄။ ရန်ပုံငွေ တင်ပြတောင်းခံခြင်းနှင့် ခွင့်ပြုချက်ရရှိခြင်း

၈။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် Covid-19 စီးပွားရေးထိခိုက်မှု သက်သာစေရေးစီမံချက် CERP အရ Cash for Work စီမံကိန်းကို ကျေးရွာ (၂,၄၈၈)ရွာတွင် ရန်ပုံငွေ ကျပ်သန်း (၂၅,၀၀၀) သုံးစွဲနိုင်ရေး လျာထားတင်ပြခဲ့ရာ စီးပွားရေးရာကော်မတီ အစည်းအဝေး အမှတ်စဉ် (၄/၂၀၂၀)နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၁၃/၂၀၂၀) တို့၏ ကြိုတင်ခွင့်ပြုချက်များအရ စီမံကိန်း၊ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာနမှ (၂.၇.၂၀၂၀) ရက်စွဲပါ စာအမှတ်၊ စဘစ/ ဘဏ္ဍာ-၄/၁/၁(၂၃၃၀/၂၀၂၀) ဖြင့် ၂၀၁၉-၂၀၂၀ခု ဘဏ္ဍာရေးနှစ် **"အထွေထွေ ပိုလျှံရန်ပုံငွေ"** (GRF) မှ လွှဲပြောင်းသုံးစွဲရန် ခွင့်ပြုခဲ့ပါသည်။

၉။ စီမံကိန်းအကောင်အထည်ဖော်ရေးအတွက် ကမ္ဘာ့ဘဏ်နှင့် ညှိနှိုင်းချက်အရ ရခိုင်ပြည်နယ် အတွင်း ဆောင်ရွက်မည့်လုပ်ငန်းများမှအပ ကျန်ပြည်နယ်/တိုင်းဒေသကြီးတွင် ဆောင်ရွက်မည့် လုပ်ငန်းများ၏ အသုံးစရိတ်များအား ကမ္ဘာ့ဘဏ်မှ ထောက်ပံ့ပေးမည်ဖြစ်ပြီး လတ်တလောတွင် ရရှိပြီး လူထုဗဟိုပြု စီမံကိန်းရန်ပုံငွေမှ သုံးစွဲရန်နှင့် ယင်းငွေပမာဏကို ချေးငွေရယူ၍ ပြန်လည် ဖြည့်တင်းရန် စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာနနှင့် ဆက်လက်ဆွေးနွေးညှိနှိုင်းဆောင် ရွက်ခဲ့ပါသည်။ သို့ဖြစ်ပါ၍ စီမံကိန်းဆောင်ရွက်ရန် ခွင့်ပြုရန်ပုံငွေ ကျပ်သန်း (၂၅,၀၀၀) အနက် ရခိုင်ပြည်နယ်အတွက် သုံးစွဲမည့် ငွေကျပ်သန်း(၁၁၀၅.၃၀၅)အား အထွေထွေပိုလျှံရန်ပုံငွေ (GRF) မှ ဆက်လက်သုံးစွဲခွင့်ပြုရန်နှင့် ကျန်ပြည်နယ်/တိုင်းဒေသကြီးများအတွက် သုံးစွဲမည့် ငွေကျပ်သန်း (၂၃၈၉၄.၆၉၅) အား ကမ္ဘာ့ဘဏ်မှ ဆောင်ရွက်လျက်ရှိသော CDD Project ချေးငွေ၏ Contingency Emergency Response Component (CERC) မှ သုံးစွဲနိုင်ရေးအတွက် စီးပွား ရေးရာကော်မတီသို့ (၂၀.၈.၂၀၂၀) ရက်နေ့တွင် တင်ပြခဲ့ပြီး စီးပွားရေးရာကော်မတီ၏ ဆုံးဖြတ် ချက်အရ (၂.၉.၂၀၂၀) ရက်နေ့တွင် သမ္မတရုံးထံကြိုတင်ခွင့်ပြုချက် တောင်းခံရယူခဲ့ပါသည်။ အဆိုပါ ရန်ပုံငွေအား ကမ္ဘာ့ဘဏ်မှ မြန်မာကျပ်ငွေစာရင်းသို့ လွှဲပြောင်းပေးပို့ခဲ့ပြီးဖြစ်ပါသည်။

၁၀။ အဆိုပါငွေအား ရငွေအဖြစ် အရစာရင်းပြုခွင့်ပြုပါရန်နှင့် ငွေလုံးငွေရင်း အခြားခေါင်းစဉ်မှ သုံးစွဲခွင့်ပြုနိုင်ရေးအတွက် စီမံကိန်း၊ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာနသို့ ညှိနှိုင်းပေးနိုင်ပါရန် ပြည်ထောင်စုဝန်ကြီးရုံးမှတဆင့် တင်ပြဆောင်ရွက်ခဲ့ပြီး ဦးစီးဌာန (MD) စာရင်းသို့ (DA) စာရင်းမှ သတ်မှတ်ခေါင်းစဉ်များတွင် အရအသေး စာရင်းပြုစုပြီး ဖြစ်ပါသည်။

## ၅။ ကြိုတင်ပြင်ဆင်ခြင်း

၁၁။ Cash for Work စီမံကိန်းအား ကျေးရွာပေါင်း(၂၄၈၈)ရွာတွင် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လမှ စက်တင်ဘာလအထိ (၃)လတာကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ တဖက်တွင်လည်း Covid-19ရောဂါ ကူးစက်မှုကာလဖြစ်သည့်အတွက် လုပ်ငန်းများ ဆောင်ရွက် ရာတွင် ကန့်သတ်ချက်များ၊ စိန်ခေါ်မှုများ အမြောက်အမြား ဖြစ်ပေါ်လာပါသည်။ ယင်းတို့ကို ရင်ဆိုင်ကျော်လွှားနိုင်ရန်နှင့် သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းပြည့်မီစွာ ပြီးစီးနိုင်ရန်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)သည် ပြည်နယ်/တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနများနှင့် Video Conferencing စနစ်ဖြင့် ညှိနှိုင်းအစည်း အဝေးများကို (၅)ကြိမ် ကျင်းပပြုလုပ်ခဲ့ပါသည်။

၁၂။ ယင်းလုပ်ငန်းညှိနှိုင်းအစည်းအဝေးပွဲများတွင် စီမံကိန်း၏ သဘောသဘာဝနှင့် ဆောင်ရွက် ရမည့် လုပ်ငန်းစဉ်အသေးစိတ်အား ချပြရှင်းလင်းခြင်း၊ သက်ဆိုင်ရာမြို့နယ် တစ်ခုချင်းအလိုက် Work Plan များ အသေးစိတ်ရေးဆွဲခြင်း၊ ဝန်ထမ်းအင်အား စုဖွဲ့ခြင်းနှင့် နိုင်ငံတော်မှ ခွင့်ပြုပြီးဖြစ် သည့် ဝန်ထမ်းသစ် (၆၀၀)ဦး အချိန်မီခန့်ထားနိုင်ရေး စီစဉ်ဆောင်ရွက်ခြင်း၊ လက်ရှိဝန်ထမ်း အင်အား မလုံလောက်သော မြို့နယ်များတွင် ပုတ်ပြတ်နေ့စားများ ငှားရမ်းသုံးစွဲနိုင်ရေးစီစဉ်ခြင်း၊ ကျေးရွာများသို့ ဝန်ထမ်းများ ကွင်းဆင်းရာတွင် အုပ်ချုပ်/ထောက်ပံ့ကိစ္စများ အဆင်ပြေစေရန် အတွက် လိုအပ်သော မော်တော်ယာဉ်နှင့် ဆိုင်ကယ်များ ခွဲဝေချထားပေးနိုင်ရန် စီစဉ်ဆောင်ရွက် ခြင်း၊ ကွင်းဆင်းစရိတ်များ ထပ်မံခွဲဝေချထားခြင်း၊ ဝန်ထမ်းများ စိတ်ဓာတ်ခွန်အားတက်ကြွစေရန် အတွက် တာဝန်ရှိသူအဆင့်ဆင့်မှ အားပေးစကားပြောကြားခြင်း၊ လိုအပ်သော ရောဂါကာကွယ်ရေး ပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

## ၆။ Cash For Work စီမံကိန်းဆောင်ရွက်မှုအခြေအနေ

### ၆-၁။ စီမံကိန်းရည်ရွယ်ချက်

၁၃။ ကိုရိုနာဗိုင်းရပ်ကူးစက်ရောဂါအကျိုးဆက်သက်ရောက်ခြင်းခံရသော ကျေးလက်ဒေသများရှိ ပြည်သူများအား ၎င်းတို့ကျေးရွာ၏ ကုန်ထုတ်လုပ်ငန်းနှင့် အခြေခံအဆောက်အအုံဆိုင်ရာ ဖွံ့ဖြိုးရေး လုပ်ငန်းများကို ၎င်းတို့ကိုယ်တိုင်ဆောင်ရွက်စေပြီး လုပ်အားခငွေပေးချေခြင်းဖြင့် ကျေးလက်နေ

ပြည်သူများ ဝင်ငွေရရှိစေရန်နှင့် ကျေးရွာအခြေခံအဆောက်အအုံများဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ပါသည်။

**၆-၂။ ဆောင်ရွက်ခဲ့သည့်နည်းလမ်း**

၁၄။ Cash for Work စီမံကိန်းအကောင်အထည်ဖော်ဆောင်ရာတွင် တစ်ရွာလျှင် ကျပ်သိန်း(၁၀၀) ထောက်ပံ့ပေးပြီး ကျေးရွာကုန်ထုတ်လုပ်မှုနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးရေး လုပ်ငန်းများကို လုပ်သားအင်အား အသုံးပြုရသည့် (Labor Intensive) လုပ်ငန်းများကို ဦးစားပေးရွေးချယ်၍ ကျေးရွာလူထုကိုယ်တိုင် ပူးပေါင်းပါဝင် အကောင်အထည်ဖော်ဆောင်ရွက်သောနည်းလမ်းဖြင့် ဆောင်ရွက်ခဲ့ပါ သည်။

**၆-၃။ စီမံကိန်းဧရိယာရွေးချယ်ခြင်း**

၁၅။ စီမံကိန်းကျေးရွာများ ရွေးချယ်ရာတွင် သတ်မှတ်ချက်အနေဖြင့် အဖက်ဖက်မှ ချို့တဲ့မှုရှိသော ညွှန်းကိန်း **(Multi-Dimensional disadvantages index II)** တန်ဖိုး **40%** အတွင်းရှိသော ကျေးရွာအုပ်စုရှိ ကျေးရွာများ၊ **COVID-19** ကူးစက်ရောဂါဖြစ်ပွားသည့် ကျေးရွာများ၊ **COVID-19** ကူးစက်ရောဂါ၏ အကျိုးဆက်ကြောင့် အလုပ်အကိုင်အခွင့်အလမ်း ဆုံးရှုံးလျက်ရှိသော ကျေးရွာများ၊ နေရပ်ပြန်လုပ်သားများရှိသော ကျေးရွာများကို အခြေခံ၍ ရွေးချယ်ပြီး အဆိုပါရွေးချယ်ခံရသော ကျေးရွာများသည် နယ်မြေအေးချမ်းမှုရှိခြင်းနှင့် စီမံကိန်းဆောင်ရွက်ရန် စိတ်အားထက်သန်မှုများကိုလည်း ထည့်သွင်းစဉ်းစားရွေးချယ်ထားရှိပါသည်။ပြည်နယ်/တိုင်းဒေသကြီးအလိုက် အကောင်အထည်ဖော် ဆောင်ရွက်မှုအခြေပြမြေပုံအား နောက်ဆက်တွဲ(က) ဖြင့် ဖော်ပြထားပါသည်။

၁၆။ စီမံကိန်းဆောင်ရွက်ခဲ့သည့် မြို့နယ်နှင့် ကျေးရွာအရေအတွက်အား အောက်ပါအတိုင်း ပူးတွဲ ဖော်ပြထားပါသည်-

**စီမံကိန်းဆောင်ရွက်ခဲ့သည့်မြို့နယ်နှင့်ကျေးရွာစာရင်းချုပ်**

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | မြို့နယ် | ကျေးရွာ |
|---|---|---|---|
| ၁ | နေပြည်တော် | ၅ | ၁၁၁ |
| ၂ | ကချင် | ၁၃ | ၉၁ |
| ၃ | ကယား | ၇ | ၁၁၁ |
| ၄ | ကရင် | ၇ | ၁၁၁ |
| ၅ | ချင်း | ၈ | ၁၁၁ |

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | မြို့နယ် | ကျေးရွာ |
|---|---|---|---|
| ၆ | စစ်ကိုင်း | ၃၇ | ၂၅၁ |
| ၇ | တနင်္သာရီ | ၁၀ | ၁၁၁ |
| ၈ | ပဲခူး | ၂၈ | ၂၅၁ |
| ၉ | မကွေး | ၂၄ | ၂၅၀ |
| ၁၀ | မန္တလေး | ၂၃ | ၂၅၀ |
| ၁၁ | မွန် | ၁၀ | ၁၁၁ |
| ၁၂ | ရခိုင် | ၄ | ၁၁၁ |
| ၁၃ | ရန်ကုန် | ၁၁ | ၁၁၁ |
| ၁၄ | ရှမ်း (တောင်) | ၂၁ | ၁၁၃ |
| ၁၅ | ရှမ်း (မြောက်) | ၂၀ | ၉၅ |
| ၁၆ | ရှမ်း (ရှေ့) | ၈ | ၆၅ |
| ၁၇ | ဧရာဝတီ | ၂၃ | ၂၅၁ |
| | စုစုပေါင်း | ၂၅၉ | ၂၅၀၅ |

မှတ်ချက်။ **Pilot** စီမံကိန်းကျေးရွာ (၁၇) ရွာအပါအဝင်၊ စီမံကိန်းဆောင်ရွက်သည့် ကျေးရွာ (၂၄၈၈)ရွာ၊ စုစုပေါင်း (၂၅၀၅)ရွာဖြစ်ပါသည်။

**၆-၄။သင်တန်းပို့ချမှု**

၁၇။ စီမံကိန်းအကောင်အထည်ဖော်မဆောင်ရွက်မီနှင့် ဆောင်ရွက်ဆဲတွင် စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မှုများအား အထောက်အကူဖြစ်စေမည့် ဆရာဖြစ်သင်တန်းများ ပို့ချခြင်း၊ ကျေးရွာစီမံကိန်း စက်ဝန်း၊ ဝယ်ယူရေးလုပ်ငန်းစဉ်များ၊ ဘဏ္ဍာရေးဆိုင်ရာလုပ်ငန်းစဉ်များ၊ စောင့်ကြည့်ကြီးကြပ်ခြင်းလုပ်ငန်းစဉ်များ၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်ဆိုင်ရာ အကာအကွယ်များ၊ ဝေဖန်အကြံပြုတိုင်ကြားဖြေရှင်းရေးဆိုင်ရာ လုပ်ငန်းစဉ်များ၊ အခြေခံအဆောက်အဦဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့်လုပ်စဉ်များကို ကျေးလက်ဦးစီးဌာန(ရုံးချုပ်)မှ သက်ဆိုင်ရာ ကဏ္ဍအလိုက် **Video conferencing** စနစ်ဖြင့် ပြည်နယ်/တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်ကျေးလက်ဦးစီးဌာန များသို့ (၈)ကြိမ် ပို့ချပေးနိုင်ခဲ့ပါသည်။ ကဏ္ဍအလိုက်သင်ကြားပို့ချမှု ဗီဒီယိုမှတ်တမ်းများကို သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး၊ ခရိုင်နှင့် စီမံကိန်းမြို့နယ်များသို့

ဖြန့်ဝေနိုင်ခဲ့ပါသည်။ ဆင့်ပွားသင်တန်းအဖြစ် ပြည်နယ်/တိုင်းဒေသကြီးများမှ မြို့နယ်များသို့ **Video conferencing** စနစ်ဖြင့် သင်တန်း (၂၃)ကြိမ် ပို့ချပေးနိုင်ခဲ့ပါသည်။

၁၈။ စီမံကိန်းအကောင်အထည်ဖော်ရေးသင်တန်းများအား အောက်ပါအတိုင်း ပို့ချပေးနိုင်ခဲ့ပါသည်-

| စဉ် | ပို့ချခဲ့သည့် သင်တန်း ခေါင်းစဉ် | ပို့ချခဲ့ သည့် ကြိမ်ရေ | ပို့ချခဲ့သည် ပြည်နယ်/တိုင်း နှင့် မြို့နယ်ပေါင်း | | | တက်ရောက်သူ ဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | ပြည်နယ်/ တိုင်း၊ ခရိုင် | မြို့နယ် | ကျေးရွာ | | |
| ၁။ | **Pilot**မြို့နယ်များ အတွက် လုပ်ငန်းခွင်ဝင် သင်တန်း | ၁ | ၁၇ | ၁၇ | | ၈၁ | ရုံးချုပ်မှ ပြည်နယ်/တိုင်း နှင့် မြို့နယ်များသို့ ပို့ချခြင်း |
| ၂။ | **TOT** လုပ်ငန်းခွင်ဝင် သင်တန်း | ၁ | ၁၇ | - | | ၉၀ | ပြည်နယ်/တိုင်းတာဝန်ခံ၊ **DSE ၊ Regional Infra** |
| ၃။ | ဆင့်ပွားသင်တန်း | ၂၃ | - | ၂၉၅ | | ၁၁၅၆ | ပြည်နယ်/တိုင်းတာဝန်ခံ များမှ မြို့နယ်သို့ သင်တန်းပြန်လည် ပို့ချပေးခြင်း |
| ၄။ | **TOT** လုပ်ငန်းခွင်ဝင် သင်တန်း | ၃ | ၁၇ | ၂၉၅ | | ၁၉၁၁ | ရုံးချုပ်မှ ပြည်နယ်/တိုင်း နှင့် မြို့နယ်များသို့ ပို့ချခြင်း |
| ၅။ | **MIS** စနစ်သို့ အချက်အလက်များ လက်တွေ့ ဖြည့်သွင်းခြင်းသင်တန်း | ၃ | ၁၇/၁၁ | ၂၉၅ | | ၈၅၉ | ရုံးချုပ်မှ ပြည်နယ်/တိုင်း နှင့် မြို့နယ်များသို့ ပို့ချခြင်း |
| ၆။ | ကျေးရွာစီမံခန့်ခွဲမှု သင်တန်း | ၂၅၀၅ | - | - | ၂၅၀၅ | ၁၅၃၇၇ | မြို့နယ်စီမံကိန်းဝန်ထမ်း များမှ ကျေးရွာစီထောက် ကော်မတီဝင်များသို့ ပို့ချခြင်း |

## ၆-၅။ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်း

၁၉။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုနယ်မြေ(နေပြည်တော်) အပါအဝင် တိုင်းဒေသကြီး/ပြည်နယ်(၁၇)ခုမှ မြို့နယ်(၁၇)မြို့နယ်ရှိ ကျေးရွာ(၁၇)ရွာတွင် ကနဦးစီမံကိန်း (**Pilot**)အား စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ကနဦးစီမံကိန်း(**Pilot**) အကောင်အထည်ဖော် ဆောင်ရွက်ခြင်းမှ ရရှိသော အားသာချက်၊ အားနည်းချက်များကို သင်ခန်းစာရယူ၍ မြို့နယ်ပေါင်း (၂၅၉) မြို့နယ်ရှိ ကျေးရွာပေါင်း (၂၄၈၈)ရွာ တွင် စီမံကိန်းကို ရည်မှန်းချက်နှင့်အညီ ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်သည့် ကျေးရွာနှင့် လုပ်ငန်းခွဲများစာရင်းအား နောက်ဆက်တွဲ(ခ) ဖြင့် ဖော်ပြထားပါသည်။

## ၆-၅.၁။နိုင်ငံတကာအဖွဲ့အစည်းများဖြင့် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်း

၂၀။ စီမံကိန်းဒီဇိုင်းရေးဆွဲရာတွင် ကမ္ဘာ့ဘဏ်၏ နည်းပညာအကူအညီကိုရယူ၍ ဆောင်ရွက်သကဲ့သို့ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင်လည်း ကျေးလက်ဦးစီးဌာနမှ အပြည်ပြည်ဆိုင်ရာ စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု ရန်ပုံငွေအဖွဲ့ (**IFAD**) ၏ အကူအညီဖြင့် ဆောင်ရွက်လျက်ရှိသော အနောက်ပိုင်းဒေသများ စိုက်ပျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း (**WSAP**) ဧရိယာများဖြစ်သည့် ချင်းပြည်နယ်နှင့် မကွေးတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် (၄) မြို့နယ်မှ ကျေးရွာ (၃၇) ရွာအား စီမံကိန်းရန်ပုံငွေကျပ် (၃၂၂.၅၅၀)သန်းဖြင့် **Cash for work** စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပါသည်။ **WSAP** စီမံကိန်းဖြင့်ဆောင်ရွက်သော မြို့နယ်များ၏ စီမံကိန်းဆောင်ရွက်မှု အခြေအနေအား နောက်ဆက်တွဲ (ဂ)ဖြင့်ဖော်ပြအပ်ပါသည်။

၂၁။ ထို့အပြင် ကမ္ဘာ့စားနပ်ရိက္ခာ ဖူလုံမှုအစီအစဉ် (**WFP**) အဖွဲ့အစည်းမှလည်း ကျေးလက်ဦးစီးဌာနမှ **Cash For Work** စီမံကိန်းဆောင်ရွက်လျက်ရှိသည့် မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်၊ စေတုတ္တရာမြို့နယ်၊ နတ်မောက်မြို့နယ်၊ ပခုက္ကူမြို့နယ်၊ ရေစကြိုမြို့နယ်နှင့် ပေါက်မြို့နယ်တို့၏ စီမံကိန်းကျေးရွာ (၆၆) ရွာအားလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ်ရှိ ကျေးရွာ (၁၄) ရွာအားလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ်နှင့် နန်းယွန်းမြို့နယ်တို့၏ စီမံကိန်းကျေးရွာ (၂၆) ရွာအားလည်းကောင်း၊ ချင်းပြည်နယ်ရှိ တီးတိန်မြို့နယ်၊ တွန်းဇံမြို့နယ်၊ ဟားခါးမြို့နယ်တို့၏ စီမံကိန်းကျေးရွာ (၆၀)အားလည်းကောင်း၊ စုစုပေါင်း စီမံကိန်းကျေးရွာ (၁၅၃) ရွာ၏ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မှု ကွင်းဆင်းကြီးကြပ်ခြင်းဆိုင်ရာ လုပ်ငန်းများ ကိုပံ့ပိုးကူညီပေးခဲ့ပါသည်။

## ၆-၅.၂။ စီမံကိန်းစက်ဝန်း

၂၂။ စီမံကိန်းစတင် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မြို့နယ်ကျေးလက်ဦးစီးမှ တာဝန်ခံဝန်ထမ်းများသည် ကျေးရွာများသို့ ကွင်းဆင်း၍ စီမံကိန်းမိတ်ဆက်ခြင်း အစည်းအဝေး

များအား ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါ မိတ်ဆက်ခြင်းအစည်းအဝေးတွင် စီမံကိန်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်း၏ လုပ်ငန်းစဉ်များ၊စီမံကိန်းစက်ဝန်း စီမံကိန်းကော်မတီ၏ လုပ်ငန်းတာဝန်များကို ကျေးရွာ လူထုသို့ ချပြရှင်းလင်းပေးခဲ့ပါသည်။ စီမံကိန်းမိတ်ဆက် အစည်းအဝေးသို့ ကျေးရွာလူထုမှ (၁၉၅,၅၀၀) ဦးခန့် ပူးပေါင်းပါဝင် တက်ရောက်ခဲ့ပြီး အမျိုးသမီး (၄၇%) ပူးပေါင်းပါဝင်ခဲ့ပါသည်။

၂၃။ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရာတွင် စီမံကိန်းစက်ဝန်းအဆင့်(၈)ဆင့်ဖြင့် ကျေးရွာများတွင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။ စီမံကိန်းစက်ဝန်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

## Cash for Work စီမံကိန်း ကျေးရွာလူထုစီမံကိန်းစက်ဝန်း




### ၆-၅.၃။ ကော်မတီဝင်များရွေးချယ်ဖွဲ့စည်းခြင်း

၂၄။ စီမံကိန်းမှာ ကျေးရွာလူထုကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်သောကြောင့် ကျေးရွာလူထုကိုယ်စားဦးဆောင်မည့် ကော်မတီဝင်များကို ကျေးရွာလူထုမှ အများအဘောတူ ရွေးချယ်ဖွဲ့စည်းခဲ့ပါသည်။ ကျေးရွာတစ်ရွာလျှင် ကော်မတီဝင်(၇)ဦးနှင့် ဝေဖန်အကြံပြုကိုယ်စားလှယ်(၂)ဦး စုစုပေါင်း (၉)ဦးအား ဖွဲ့စည်းထားရှိပြီး ကော်မတီဝင်များတွင် အမျိုးသမီး

များလည်း ပါဝင်ရမည်ဖြစ်သည်။ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်သော ကျေးရွာများတွင် စုစုပေါင်း ကော်မတီဝင် (၁၈၆၀၂) ဦးဖွဲ့စည်းနိုင်ခဲ့ပြီး အမျိုးသမီး(၄၀%) ပါဝင်အောင် ဖွဲ့စည်းနိုင်ခဲ့ပါသည်။

### ၆-၅.၄။ ကျေးရွာအဆင့် စီမံခန့်ခွဲမှုသင်တန်းပို့ချခြင်း(Community Management Training)

၂၅။ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စီမံကိန်းလုပ်ငန်းစဉ်များကို စနစ်တကျဆောင်ရွက်တတ်စေရန် မြို့နယ်ကျေးလက်ဦးစီးဌာန တာဝန်ခံဝန်ထမ်းများမှ ကျေးရွာကော်မတီဝင်များကို ကျေးရွာအဆင့် စီမံခန့်ခွဲမှုသင်တန်းပို့ချခဲ့ပါသည်။အဆိုပါသင်တန်းတွင် ကျေးရွာအဆင့် ဝယ်ယူရေးဆိုင်ရာများ၊ ကျေးရွာအဆင့် ဘဏ္ဍာရေးဆိုင်ရာများ၊ စောင့်ကြည့်စစ်ဆေးခြင်းဆိုင်ရာများ၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်ဆိုင်ရာလိုက်နာဆောင်ရွက်ရမည့်အချက်များ၊ ကဏ္ဍအလိုက်ဖြည့်သွင်းရမည့်ပုံစံများကို သင်ကြားပို့ချပေးခဲ့ပါသည်။ သင်တန်းတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များအပြင် စီမံကိန်းအား စိတ်ပါဝင်စားသော ကျေးရွာအုပ်ချုပ်ရေးမှူး/ကျေးရွာသူ/သားများ၊ ကျေးရွာ စေတနာ့ဝန်ထမ်းများလည်း တက်ရောက်ခဲ့ပြီး စုစုပေါင်း (၁၆,၀၀၀) ဦးခန့်အား သင်တန်းပို့ချပေးနိုင်ခဲ့ပါသည်။ သင်တန်းရရှိသူများ တွင် အမျိုးသမီး (၃၈%) ပါဝင်ပါသည်။

### ၆-၅.၅။ လုပ်ငန်းခွဲများရွေးချယ်ခြင်း

၂၆။ စီမံကိန်းအကောင်အထည်ဖော်ရေးလက်စွဲတွင် အကျိုးဝင်သောစီမံကိန်းလုပ်ငန်းများနှင့် အကျိုးမဝင်သောစီမံကိန်းလုပ်ငန်းများကို ပြဋ္ဌာန်းထားပြီး ကျေးရွာလူထုမှ အကျိုးဝင်သောစီမံကိန်းလုပ်ငန်းများကိုသာ အကောင်အထည်ဖော်ဆောင်ရွက်ရပါသည်။ ဦးစီးဌာနမှ စီမံကိန်းတာဝန်ခံအင်ဂျင်နီယာသည် စီမံကိန်း၏ အကျိုးဝင်သောစီမံကိန်းလုပ်ငန်းများနှင့် အကျိုးမဝင်သောစီမံကိန်းလုပ်ငန်းများကို ကျေးရွာလူထုသို့ ရှင်းလင်းပြောပြ၍ ကျေးရွာမှ အမှန်တကယ် လိုအပ်သော၊ စီမံကိန်း၏ရည်ရွယ်ချက်နှင့် ကိုက်ညီသည့် စီမံကိန်းလုပ်ငန်းခွဲများကို ကျေးရွာသူ/ကျေးရွာသားများ၏ သဘောတူညီချက်ဖြင့် ရွေးချယ်ဆောင်ရွက်ခဲ့ပါသည်။ ကျေးရွာမှ ရွေးချယ်ထားသော စီမံကိန်းလုပ်ငန်းခွဲများကို မြို့နယ်ကျေးလက်ဦးစီးဌာနမှ စိစစ်၍ မြို့နယ်စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေး ကော်မတီသို့ တင်ပြအတည်ပြု ချက်ရယူပြီး စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။

## ၆-၆။ ငွေကြေးစီမံခန့်ခွဲခြင်း

### ၆-၆.၁။ ရန်ပုံငွေထောက်ပံ့ပေးခြင်း

၂၇။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုနယ်မြေ နေပြည်တော်အပါအဝင် တိုင်းဒေသကြီး/ပြည်နယ် (၁၇)ခုမှ မြို့နယ်(၁၇)ခုရှိ ကျေးရွာ(၁၇)ရွာတွင် ကနဦးစီမံကိန်း (**Pilot)**

အား နိုင်ငံတော်ထောက်ပံ့ငွေ ကျပ်(၀.၁၇)သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။ စီမံကိန်း ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာ(၂,၄၈၈)ရွာတွင် တစ်ရွာလျှင် ငွေကျပ် (၁၀) သန်းနှုန်းဖြင့် (၂၄,၈၈၀) ကျပ်သန်း၊ အသိပညာပေးခြင်းနှင့် စီမံခန့်ခွဲမှု အသုံးစရိတ်တို့အတွက် ကျပ်သန်း (၁၂၀)၊ စုစုပေါင်း ကျပ်သန်း (၂၅၀၀၀)အား ငွေလုံးငွေရင်း အခြားအသုံးစရိတ်မှ ထောက်ပံ့ပေးခဲ့ပါသည်။

၂၈။ စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် စီမံကိန်းရန်ပုံငွေခေါင်းစဉ်အလိုက် သုံးစွဲမှုစာရင်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

**CFW စီမံကိန်း ရံပုံငွေခေါင်းစဉ်အလိုက်သုံးစွဲမှုစာရင်း**

| စဉ် | အကြောင်းအရာ | အရေအတွက် | ခန့်မှန်းကုန်ကျငွေ (ကျပ်သန်း) | မှတ်ချက် |
|---|---|---|---|---|
| ၁ | **CFW** စီမံကိန်း ရံပုံငွေအတွက် ရံပုံငွေ (ကျေးရွာတစ်ရွာလျှင် ကျပ် ၁၀၀သိန်း) | ၂၅၀၅ | ၂၅,၀၅၀ | |
| ၂ | စီမံကိန်းအသိပညာပေးခြင်း | | ၂၀ | |
| ၃ | ကျေးရွာအဆင့်သင်တန်းပေးခြင်း | | ၅၀ | |
| ၄ | စီမံခန့်ခွဲမှုအသုံးစရိတ် | | ၅၀ | |
| | စုစုပေါင်း | | ၂၅,၁၇၀ | |

## ၆-၆.၂။ ငွေစာရင်းစစ်ဆေးနိုင်မှု

၂၉။ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်သည့် ဘဏ္ဍာနှစ်အတွင်း စာရင်းစစ်အဖွဲ့မှ စာရင်းစစ်ဆေးနိုင်မှု မရှိသေးသော်လည်း ကျေးလက်ဦးစီးဌာန(ရုံးချုပ်)မှ အဖွဲ့ဖွဲ့စည်းပြီး နေပြည်တော်တိုင်းအတွင်း **pilot** အနေဖြင့် ကွင်းဆင်းစစ်ဆေးနိုင်ခဲ့ပါသည်။ ကွင်းဆင်းစစ်ဆေးတွေ့ရှိချက်များ အရလိုက်နာဆောင်ရွက်ရန် ကိစ္စရပ်များ၊ မြို့နယ်/ကျေးရွာများတွင် ဆောင်ရွက်ထားရှိရမည့် စာရွက်စာတမ်းများကို ပြုစုထုတ်ပြန်နိုင်ခဲ့ပြီး တွေ့ရှိချက်များအား သက်ဆိုင်ရာ ပြည်နယ် /တိုင်းဒေသကြီး စီမံကိန်းတာဝန်ခံများ၊ခရိုင်ဦးစီးမှူး၊ မြို့နယ် ဦးစီးမှူးများသို့ **Video conferencing** စနစ်ဖြင့် သင်တန်းပို့ချခြင်း ပြုလုပ်ပေးနိုင်ခဲ့ပါသည်။ ပြည်နယ်/တိုင်းဒေသကြီးနှင့် ခရိုင်ကျေးလက် ဦးစီးဌာနများမှလည်း မြို့နယ်များသို့ ကွင်းဆင်း၍ ပေါင်းစပ်ကူညီ ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

## ၆-၇။ စောင့်ကြည့်ကြီးကြပ်ခြင်းနှင့်သတင်းအချက်အလက်များစီမံခန့်ခွဲခြင်း

### ၆-၇.၁။ စောင့်ကြည့်ကြီးကြပ်ခြင်း

၃၀။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုများကို အချိန်နှင့် တပြေးညီ စဉ်ဆက်မပြတ် စောင့်ကြည့်ကြီးကြပ်ပြီး လုပ်ငန်းတစ်ခုချင်းအလိုက် လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်နေမှုများအား တစ်ပတ်လျှင် တစ်ကြိမ် လုပ်ငန်းစောင့်ကြည့် ကြီးကြပ်ခြင်းပုံစံ အသုံးပြု၍ လုပ်ငန်းပြီးစီးမှုမှတ်တမ်းဓါတ်ပုံများနှင့်တကွ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ တာဝန်ကျဝန်ထမ်းများထံသို့ တင်ပြအစီရင်ခံနိုင်ခဲ့ပါသည်။ ကျေးရွာများ မှ တင်ပြလာသော လုပ်ငန်းတိုးတက်မှုများ၊ စီမံကိန်းဆိုင်ရာ လုပ်ငန်းစဉ်များအား မြို့နယ် ကျေးလက်ဦးစီးများမှ လစဉ်အစီရင်ခံစာပြုစုပြီး သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီးအလိုက် တင်ပြရပါသည်။ မြို့နယ်မှ ပေးပို့လာသော အစီရင်ခံစာများအား စီမံကိန်းတာဝန်ခံများမှ ပြည်နယ်/တိုင်း လစဉ်အစီရင်ခံစာများ ပြုစုပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပြည်ထောင်စုအဆင့် ရုံးချုပ် စီမံကိန်းအဖွဲ့သို့ တင်ပြရပါသည်။

၃၁။ အစီရင်ခံသည့် ကာလပတ်အတွင်း တွေ့ကြုံရသည့်အခက်အခဲများ၊ အားသာချက်၊ အားနည်းချက်များကို **video conferencing** စနစ်ဖြင့် ဆွေးနွေးခြင်း၊ အကြံဉာဏ်များရယူခြင်း၊ လိုအပ်ပါက သင်တန်းများထပ်မံပို့ချခြင်းတို့ကိုဆောင်ရွက်ခဲ့ပါသည်။ စီမံကိန်းအကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိသော မြို့နယ်များသို့ သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး၊ ခရိုင် ကျေးလက်ဦးစီးမှ ပုံမှန် ကွင်းဆင်းကြီးကြပ်ခြင်း၊ ပံ့ပိုးကူညီဆောင်ရွက်ပေးသည့်အပြင် ကျေးလက် ဦးစီးဌာန(ရုံးချုပ်) မှလည်း အဖွဲ့များဖွဲ့၍ လုပ်ငန်းအကောင်အထည်ဖော်နေမှုများအား ကွင်းဆင်း စစ်ဆေး၍ လိုအပ်သည်များကို အချိန်နှင့် တပြေးညီ ပံ့ပိုးကူညီပေးနိုင်ခဲ့ပါသည်။

၃၂။ ထို့အပြင် စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော မြို့နယ်များသို့ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များမှ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများအား အောက်ပါအတိုင်း ကွင်းဆင်း စစ်ဆေးခဲ့ပြီး လိုအပ်သည်များကို အချိန်နှင့်တပြေးညီ လမ်းညွှန်မှုပြုနိုင်ခဲ့ပါသည်-

| စဉ် | စစ်ဆေးသူ | ရက်စွဲ | ပြည်နယ်/တိုင်း | မြို့နယ် |
|---|---|---|---|---|
| ၁ | ပြည်ထောင်စုဝန်ကြီး<br>ဒေါက်တာအောင်သူ<br>ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော် | ၆-၈-၂၀၂၀ | နေပြည်တော် | လယ်ဝေး |
| ၂ | ပြည်ထောင်စုဝန်ကြီး<br>ဒေါက်တာအောင်သူ<br>ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော် | ၁၄-၈-၂၀၂၀ မှ<br>၁၆-၈-၂၀၂၀ | ပဲခူး၊ ရန်ကုန်၊<br>ဧရာဝတီ | ဒိုက်ဦး၊ တောင်ငူ၊ ဖြူး၊<br>ကွမ်းခြံကုန်း၊ ဒေးဒရဲ၊<br>ကျိုက်လတ်၊ လှည်းကူး |

| စဉ် | စစ်ဆေးသူ | ရက်စွဲ | ပြည်နယ်/တိုင်း | မြို့နယ် |
|---|---|---|---|---|
| ၃ | ပြည်ထောင်စုဝန်ကြီး<br>ဒေါက်တာအောင်သူ<br>ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော် | ၂၁-၈-၂၀၂၀ မှ<br>၂၃-၈-၂၀၂၀ | ပဲခူး | ပြည်၊ အောင်လံ၊ |
| | | | မကွေး | ချောက်၊ တောင်တွင်းကြီး |
| ၄ | ဒုဝန်ကြီး ဦးလှကျော်<br>ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော် | ၇-၈-၂၀၂၀ မှ<br>၁၀-၈-၂၀၂၀ | ဧရာဝတီ | ဓနုဖြူ၊ ဇလွန်၊ ဟင်္သာတ၊<br>မြန်အောင်၊ ကြံခင်း၊<br>ကျောင်းကုန်း |
| ၅ | ဒုဝန်ကြီး ဦးလှကျော်<br>ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော် | ၃၀-၈-၂၀၂၀ | နေပြည်တော် | ဇေယျာသီရိ |
| ၆ | ဒုဝန်ကြီး ဦးလှကျော်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဦးသိန်းလွင် | ၁၅-၈-၂၀၂၀ မှ<br>၁၇-၈-၂၀၂၀ | ကရင် | ဘားအံ၊ လှိုင်းဘွဲ့၊<br>မြဝတီ၊ ကော့ကရိတ် |
| | | | မွန် | မော်လမြိုင် |
| ၇ | ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော် | ၇-၇-၂၀၂၀ | မန္တလေး | မိတ္ထီလာ၊ ပျော်ဘွယ် |
| ၈ | ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော် | ၁၈-၇-၂၀၂၀ | ပဲခူး | ပဲခူး၊ ဒိုက်ဦး၊ ဖြူး၊<br>အုတ်တွင်း၊ တောင်ငူ |
| ၉ | ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော် | ၂၅-၇-၂၀၂၀ မှ<br>၂၆-၇-၂၀၂၀ | မကွေး | မြို့သစ်၊ နတ်မောက်၊<br>မကွေး၊ ရေနံချောင်း၊<br>ကျောက်ပန်းတောင်း<br>ညောင်ဦး၊ ရေစကြို၊ ချောက် |
| ၁၀ | ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော် | ၂၈-၇-၂၀၂၀ | နေပြည်တော် | ဇေယျာသီရိ၊ ပုဗ္ဗသီရိ |
| ၁၁ | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဦးမျိုးနိုင်အောင် | ၄-၇-၂၀၂၀ | မန္တလေး | ကျောက်ဆည်၊ တံတားဦး |
| ၁၂ | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဦးမျိုးနိုင်အောင် | ၂၀-၇-၂၀၂၀ | ကချင် | မြစ်ကြီးနား၊ ဝိုင်းမော် |
| ၁၃ | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဦးမျိုးနိုင်အောင် | ၁၂-၈-၂၀၂၀ မှ<br>၁၅-၈-၂၀၂၀ | ရှမ်း(မြောက်) | တန့်ယန်း၊ သိန္နီ၊ ကွတ်ခိုင်၊<br>သီပေါ၊<br>ကျောက်မဲ၊ နောင်ချို |
| | | | မန္တလေး | ပြင်ဦးလွင် |
| ၁၄ | ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော် | ၃၁-၇-၂၀၂၀ မှ<br>၃-၈-၂၀၂၀ ထိ | ရန်ကုန် | လှည်းကူး |
| | | | ဧရာဝတီ | ဒေးဒရဲ၊ ကျိုက်လတ်၊<br>မအူပင် |
| ၁၅ | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဦးသိန်းလွင် | ၂၈-၇-၂၀၂၀ မှ<br>၃၀-၇-၂၀၂၀ | မွန် | မော်လမြိုင် |
| | | | ကရင် | ဘားအံ |

| စဉ် | စစ်ဆေးသူ | ရက်စွဲ | ပြည်နယ်/တိုင်း | မြို့နယ် |
|---|---|---|---|---|
| ၁၆ | ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းလွင်၊ ညွှန်ကြားရေးမှူး ဒေါ်မီမီထွေး | ၅-၈-၂၀၂၀ | နေပြည်တော် | လယ်ဝေး၊ ဇေယျာသီရိ |
| ၁၇ | ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းလွင် | ၇-၈-၂၀၂၀ မှ ၁၀-၈-၂၀၂၀ | တနင်္သာရီ | ကော့သောင်း၊ ဘုတ်ပြင်း၊ တနင်္သာရီ မြိတ်၊ ပုလော |
| ၁၈ | ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းလွင်၊ ညွှန်ကြားရေးမှူး ဒေါ်မီမီထွေး | ၁၂.၈.၂၀၂၀ မှ ၁၄.၈.၂၀၂၀ | ပဲခူး | ဒိုက်ဦး၊ တောင်ငူ၊ ဖြူး |
| | | | ရန်ကုန် | ကွမ်းခြံကုန်း၊ ကော့မှူး |
| ၁၉ | ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမောင်ဝင်း | ၄-၇-၂၀၂၀ | မကွေး | မြို့သစ်၊ နတ်မောက် |
| ၂၀ | ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမောင်ဝင်း | ၂၄-၇-၂၀၂၀ မှ ၂၈-၇-၂၀၂၀ | ရခိုင် | ဂွ၊ သံတွဲ |
| ၂၁ | ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမောင်ဝင်း | ၇-၈-၂၀၂၀ မှ ၁၀-၈-၂၀၂၀ | ရှမ်း (ရှေ့) | ကျိုင်းတုံ၊ မိုင်းဆတ်၊ မိုင်းဖြတ်၊ တာချီလိတ် |
| ၂၂ | ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမောင်ဝင်း | ၂၁-၈-၂၀၂၀ မှ ၂၅-၈-၂၀၂၀ | ချင်း | တီးတိန်၊ တွန်းဇံ |
| | | | စစ်ကိုင်း | ကလေး |
| ၂၃ | ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ညိုညိုဝင်း | ၅-၆-၂၀၂၀ | နေပြည်တော် | လယ်ဝေး၊ ပျဉ်းမနား |
| ၂၄ | ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ညိုညိုဝင်း | ၆-၇-၂၀၂၀ မှ ၁၂-၇-၂၀၂၀ | ရန်ကုန် | သုံးခွ၊ ခရမ်း၊ တွံတေး |
| ၂၅ | ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ညိုညိုဝင်း | ၁၈-၇-၂၀၂၀ | မန္တလေး | တောင်သာ |
| ၂၆ | ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ညိုညိုဝင်း | ၁၃-၈-၂၀၂၀ မှ ၁၄-၈-၂၀၂၀ | ပဲခူး | သဲကုန်း၊ ပေါင်းတည်၊ ကြို့ပင်ကောက်၊ မင်းလှ လက်ပန်တန်း |
| ၂၇ | ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ညိုညိုဝင်း | ၂၂-၈-၂၀၂၀၊ ၇-၉-၂၀၂၀ | နေပြည်တော် | လယ်ဝေး |
| ၂၈ | ညွှန်ကြားရေးမှူး ဒေါ်စိုးစိုးအုန်း | ၂၅.၇.၂၀၂၀ မှ ၂၆.၇.၂၀၂၀ | ရှမ်းပြည်နယ် (တောင်ပိုင်း) | ညောင်ရွှေ |
| ၂၉ | လ/ထ ညွှန်ကြားရေးမှူး ဒေါ်မြတ်စုအောင်နှင့် အဖွဲ့ | ၁၃-၇-၂၀၂၀ မှ ၁၈-၇-၂၀၂၀ | စစ်ကိုင်း | ထီးချိုင့်၊ ပင်လည်ဘူး၊ ဗန်းမောက် |
| ၃၀ | ပြည်ထောင်စု အဆင့် လူထုဗဟိုပြု စီမံကိန်းအဖွဲ့ | ၁၃-၇-၂၀၂၀ မှ ၁၈-၇-၂၀၂၀ | စစ်ကိုင်း | စစ်ကိုင်း၊ မြောင်၊ မြင်းမ |

### ၆-၇.၂။ သတင်းအချက်အလက်များစီမံခန့်ခွဲခြင်း (Project MIS)

၃၃။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ၊ မြို့နယ်ကျေးလက်ဦးစီး စီမံကိန်းတာဝန်ခံများမှ ဖြည့်သွင်းထားသော စီမံကိန်းနှင့်သက်ဆိုင်သည့် အချက်အလက်များအား အချိန်နှင့်တပြေးညီ သိရှိနိုင်ရန်နှင့် အစီရင်ခံစာများ ပြုစုတင်ပြနိုင်ရန်အတွက် သတင်းအချက်အလက် စီမံခန့်ခွဲမှု စနစ်(MIS)ကို အသုံးပြုခဲ့ပါသည်။ **MIS** စနစ်တွင် အချက်အလက် များစုဆောင်းခြင်း၊ ကျေးရွာ အခြေခံအချက်အလက်များ ဖြည့်သွင်းခြင်း၊ စီမံကိန်းလုပ်ငန်းခွဲများနှင့် သက်ဆိုင်သည့်အချက် အလက်များဖြည့်သွင်းခြင်းတို့အား မြို့နယ် **MIS** တာဝန်ခံများမှ အချိန်နှင့် တပြေးညီ အချက် အလက်များ ဖြည့်သွင်းနိုင်ခဲ့ပါသည်။ အချက်အလက်များဖြည့်သွင်းရာတွင် အခက်အခဲမရှိစေရန် နှင့် လိုအပ်ချက်များကို အချိန်မီ ဖြေရှင်း ပေးနိုင်ရန်အတွက် မြို့နယ် **MIS** တာဝန်ခံများနှင့် ကျေးလက်ဦးစီးရုံးချုပ်မှ **M&E/MIS** တာဝန်ခံ များသည် **Video Conferencing** များပြုလုပ်ခြင်း၊ **Chat Group** တွင်ဆွေးနွေးခြင်း များပြုလုပ်ခဲ့ပါသည်။ စီမံကိန်းနှင့် အကောင်အထည်ဖော် ဆောင်ရွက်မှု၏ တိုးတက်ဖြစ်ပေါ်မှုအား အချိန်နှင့် တပြေးညီ သိရှိနိုင်ရန် https://drdmm.com/cfw/ တွင်လည်း ဝင်ရောက်လေ့လာနိုင်ပါသည်။

### ၆-၈။ ဝေဖန်အကြံပြုခြင်းဆိုင်ရာအခန်းကဏ္ဍ

၃၄။ စီမံကိန်းအနေဖြင့် လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပွင့်လင်းမြင်သာမှု ရှိစေရန်နှင့် ဖြစ်ပေါ်လာနိုင်သောအခက်အခဲများအချိန်နှင့်တပြေးညီ ဖြေရှင်းနိုင်ရန်တို့အတွက် ဝေဖန်အကြံပြုတိုင်ကြားခြင်းစနစ်ကို ထည့်သွင်းဆောင်ရွက်ခဲ့ပါသည်။ ကျေးရွာသူ/သားများမှ ကျေးဇူးတင်စာများ၊ ဝေဖန်မှုများနှင့် မကျေနပ်မှုများရှိပါက အောက်ပါနည်းလမ်းများဖြင့် တိုင်ကြားနိုင်ရန် ဆောင်ရွက်ပေးခဲ့ပါသည် -

(က) အစည်းအဝေးများတွင် တင်ပြအကြံပြုခြင်း၊

(ခ) တယ်လီဖုန်းဖြင့် အကြံပြုတိုင်ကြားခြင်း၊

(ဂ) စာဖြင့်ရေးသားပေးပို့ အကြံပြုတိုင်ကြားခြင်း၊

(ဃ) အီးမေးလ်၊ **website**၊ **Social Media** တို့မှတဆင့် အကြံပြုတိုင်ကြားခြင်း။

၃၅။ အဆိုပါ ဝေဖန်အကြံပြုတိုင်ကြားစနစ်တွင် မြို့နယ်အဆင့်၊ တိုင်းဒေသကြီး/ပြည်နယ် အဆင့်နှင့် ပြည်ထောင်စုအဆင့်ရှိဆက်သွယ်ရမည့် အမည်၊ ဖုန်းနံပါတ်များကို ဆောင်ရွက်မည့် ကျေးရွာအဆင့်ထိ အသိပေးဖော်ပြထားပြီး စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မှုများနှင့် ပတ်သက်၍ ဝေဖန်အကြံပြုနိုင်ရန် ရည်ရွယ်ပါသည်။ဝေဖန်အကြံပြုတိုင်ကြားဖြေရှင်းရေး၏ လုပ်ငန်းစဉ်များကို ကျေးရွာလူထုသိရှိစေရန် ကျေးရွာအစည်းအဝေးများတွင် ချပြရှင်းလင်းခြင်းနှင့်

စီမံကိန်းကျေးရွာ တစ်ရွာလျှင် ကျေးရွာလူထုမှ ယုံကြည်ရသော ဝေဖန်အကြံပြုကိုယ်စားလှယ် (၂) ဦးအား ဖွဲ့စည်းထားရှိနိုင်ခဲ့ပါသည်။

၃၆။ စီမံကိန်းစတင်သည့် ၂၀၂၀ ခုနှစ်၊ ဇွန်လမှ ၂၀၂၀ ခုနှစ် စက်တင်ဘာလအထိ ဝေဖန်အကြံပြုစာ စုစုပေါင်း(၈)စောင် လက်ခံရရှိခဲ့ပြီး ပြည်ထောင်စုအဆင့်တွင် (၆) စောင်နှင့် တိုင်းဒေသကြီးအဆင့်တွင် (၁)စောင်၊ မြို့နယ်အဆင့်တွင် (၁) စောင်ရရှိပြီး အားလုံးဖြေရှင်းဆောင်ရွက်ပြီးဖြစ်ပါသည်။ ဝေဖန်အကြံပြုဖြေရှင်းဆောင်ရွက်ခဲ့မှုအခြေအနေအား နောက်ဆက်တွဲ(ဃ) ဖြင့် ဖော်ပြထားပါသည်။ မြို့နယ်အလိုက် ဝေဖန်အကြံပြုစာများ လက်ခံဖြေရှင်းပြီးစီးမှုများမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

| စဉ် | မြို့နယ် | ပြည်ထောင်စု အဆင့်တွင် လက်ခံရရှိသော အကြံပြုစာ | တိုင်းဒေသကြီး/ ပြည်နယ်အဆင့်တွင် လက်ခံရရှိသော အကြံပြုစာ | မြို့နယ်အဆင့်တွင် လက်ခံရရှိသော အကြံပြုစာ | ဖြေရှင်းပြီး အကြံပြုစာ စုစုပေါင်း | ဖြေရှင်းပြီး ရာခိုင်နှုန်း | မှတ်ချက် |
|---|---|---|---|---|---|---|---|
| ၁ | ကသာ | ၁ | - | - | ၁ | ၁၀၀% | |
| ၂ | ယင်းမာပင် | ၁ | - | - | ၁ | ၁၀၀% | |
| ၃ | အုတ်တွင်း | ၁ | - | - | ၁ | ၁၀၀% | |
| ၄ | တောင်ငူ | ၁ | - | - | ၁ | ၁၀၀% | |
| ၅ | တီးတိန် | ၁ | - | - | ၁ | ၁၀၀% | |
| ၆ | မင်းလှ | - | ၁ | - | ၁ | ၁၀၀% | |
| ၇ | ပြည် | ၁ | - | - | ၁ | ၁၀၀% | |
| ၈ | ပေါက် | - | - | ၁ | ၁ | ၁၀၀% | |
| | စုစုပေါင်း | ၆ | ၁ | ၁ | ၈ | ၁၀၀% | |

၃၇။ အကြံပြုဖြေရှင်းရေးအဖွဲ့အနေဖြင့် စီမံကိန်းအကောင်အထည်ဖော်သည့်ကာလအတွင်း ဝေဖန်အကြံပြုတိုင်ကြားလာမှုအပေါ် လုပ်ငန်းများနှောင့်နှေးမှုမရှိစေရန် အချိန်နှင့်တပြေးညီ ဖြေရှင်းပေးနိုင်ရေးအတွက် အောက်ပါတို့ကိုလုပ်ဆောင်နိုင်ခဲ့ပါသည် -

(က) ထိခိုက်လွယ်သော အငြင်းပွားမှုများကို စုံစမ်းမေးမြန်းမှုများ ပြုလုပ်ခြင်းဖြင့် ပြေလည်အောင် ဖြေရှင်းပေးခြင်း၊

(ခ) လက်ခံရရှိသော အကြံပြုစာများအား စုံစမ်းမေးမြန်းမှုများပြုလုပ်ပြီး ရာနှုန်းပြည့် ဖြေရှင်းပေးနိုင်ခြင်း၊

(ဂ) မြို့နယ်၊ ခရိုင်နှင့် တိုင်းဒေသကြီး/ ပြည်နယ်အဆင့်ဆင့် ချိတ်ဆက်ဆောင်ရွက်နိုင်ခဲ့သဖြင့် ကျေးရွာတွင် မကျေနပ် တိုင်ကြားမှုဖြစ်စဉ်ကြောင့်စီမံကိန်းလုပ်ငန်းခွဲ အကောင်အထည်ဖော်မှုအား ကြန့်ကြာမှုများ မရှိခြင်း။

**၆-၉။ လူမှုဆိုင်ရာပူးပေါင်းပါဝင်မှု**

**၆-၉.၁။ ကျား/မ ဆိုင်ရာကဏ္ဍ**

၃၈။ **Cash for Work** စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရာ၌ ကျား/မ ရေးရာကဏ္ဍတွင် အမျိုးသမီးများအတွက် အခွင့်အလမ်းများ လက်လှမ်းမီမှုရှိစေရန်၊ တန်းတူ အကျိုးခံစားခွင့်ရရှိစေရန်၊ တူညီသောလုပ်အားခများ ရရှိစေရန်၊ ဆုံးဖြတ်ပိုင်ခွင့်ရှိစေရန် အခွင့်အလမ်းများ ထည့်သွင်းစဉ်းစား ဆောင်ရွက်နိုင်ခဲ့ပါသည်။ စီမံကိန်း၏ ကျား/မ ရေးရာဆိုင်ရာ ညွှန်းကိန်းတွင် စီမံကိန်းမှ အလုပ်အကိုင်ရရှိသော အမျိုးသမီးဦးရေ၊ အလုပ်လုပ်ခွင့်ရရှိသော အမျိုးသမီးဦးဆောင်အိမ်ထောင်စု၊ ကျေးရွာစီမံကိန်းကော်မတီအဖွဲ့တွင် အမျိုးသမီးပါဝင်မှု၊ စီမံကိန်းလုပ်ငန်းခွဲများ ရွေးချယ်ရာတွင် အမျိုးသမီးအဆိုပြုလုပ်ငန်းခွဲများစာရင်းများအား ထည့်သွင်း ဆောင်ရွက်ထားနိုင်ခဲ့ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီတွင် အမျိုးသမီး **(၄၀%)** ပါဝင်မှုရှိပြီး စီမံကိန်းလုပ်ငန်းခွဲ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အမျိုးသမီးလုပ်သားဦးရေပေါင်း (၁.၂)သိန်းခန့် အလုပ်အကိုင်အခွင့်အလမ်းရရှိခဲ့ပြီး စုစုပေါင်းလုပ်သားဦးရေ၏ **(၄၂%)** ခန့် ပါဝင်အလုပ်လုပ်ကိုင်ခဲ့ပါသည်။

**၆-၉.၂။ တိုင်းရင်းသားများနှင့်ဘာသာရေးအုပ်စုများ**

၃၉။ စီမံကိန်းသည် တိုင်းရင်းသား လူမျိုးများ၊ ဘာသာရေး လူနည်းစုနှင့် အပယ်ခံအုပ်စုများ (ဥပမာ-မသန်စွမ်းသူများ စသဖြင့်)၊ အမျိုး သမီးဦးဆောင်သော အိမ်ထောင်စုများလည်း ပါဝင်အလုပ်လုပ်ကိုင်ခွင့်ရှိပြီး တူညီသောအခွင့်အလမ်းနှင့် တူညီသောလုပ်အားခများကို ရရှိစေခဲ့ပါသည်။ တိုင်းရင်း သားလူမျိုးစုများ၏ အလုပ်အကိုင် အခွင့်အလမ်းရရှိမှု အခြေအနေကို ညွှန်ကိန်းအဖြစ် ထည့်သွင်းဆောင်ရွက်ထားရှိခဲ့ပြီး စီမံကိန်းလုပ်ငန်းအကောင်အထည်ဖော်ရာတွင် တိုင်းရင်းသားလူမျိုးများ ပါဝင်အလုပ်လုပ်ကိုင်မှုမှာ **(၃၈%)** ခန့် ရှိပါသည်။

**၆-၁၀။ သတင်းပြန်ကြားဆက်သွယ်ရေး**

၄၀။ စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပြည်သူတစ်ရပ်လုံး တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရန်၊ လုပ်ငန်းတိုးတက်မှုအခြေအနေများအား သိရှိနိုင်ရန်အတွက် နေ့စဉ်ထုတ်သတင်းစာများ၊ ဂျာနယ်များ၊ မြန်မာ့ရုပ်မြင်သံကြားနှင့် သတင်းမီဒီယာများမှတဆင့် စီမံကိန်း အကြောင်းအရာများအား ကျယ်ကျယ်ပြန့်ပြန့် ထုတ်လွှင့်ခဲ့ပါသည်။ စီမံကိန်းအကောင်

အထည်ဖော် ဆောင်ရွက်နေမှု သတင်းအချက်အလက်များ၊ တိုးတက်ဖြစ် ပေါ်မှုများအား အချိန်နှင့် တပြေးညီ သိရှိနိုင်ရန်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန **website** ဖြစ်သော http://drdmyanmar.org/ တွင်လည်း တင်ပြထားပါသည်။

၄၁။ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များမှလည်း **social media** တစ်ခုဖြစ်သော **Facebook** များတွင် သတင်းအချက်အလက်များ၊ ကျေးရွာလူထုမှ ပူးပေါင်းပါဝင်မှုများ၊ လုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်နေမှုများ၊ တိုးတက်မှုများနှင့် လုပ်ငန်းမှတ်တမ်းဓါတ်ပုံများ အား အများပြည်သူသိရှိနိုင်ရန်အတွက် အချိန်နှင့်တပြေးညီ သတင်းအချက်အလက်များကို မျှဝေနိုင်ခဲ့ပါသည်။ စီမံကိန်းဆိုင်ရာ သတင်းထုတ်ပြန်နိုင်မှုအခြေအနေများမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

| **စဉ်** | **တိုင်းဒေသကြီး/ ပြည်နယ်** | **သတင်းထုတ်ပြန်မှု** | | |
|---|---|---|---|---|
| | | **သတင်းစာ၊ ဂျာနယ်** | **ရုပ်သံ** | **ပေါင်း** |
| ၁ | ရှမ်းချုပ် | ၃၂ | ၂၅ | ၅၇ |
| ၂ | နေပြည်တော် | ၂၂ | ၁၃ | ၃၅ |
| ၃ | ကချင် | ၄ | ၅၁ | ၅၅ |
| ၄ | ကယား | ၃၈ | ၃၇ | ၇၅ |
| ၅ | ကရင် | ၆ | ၁၂ | ၁၈ |
| ၆ | ချင်း | ၂၇ | ၁၀ | ၃၇ |
| ၇ | စစ်ကိုင်း | ၈၁ | ၅၅ | ၁၃၆ |
| ၈ | တနင်္သာရီ | ၇ | ၁၉ | ၂၆ |
| ၉ | ပဲခူး | ၂၉ | ၄၃ | ၇၂ |
| ၁၀ | မကွေး | ၈၄ | ၁၈၆ | ၂၇၀ |
| ၁၁ | မန္တလေး | ၃၀ | ၈၂ | ၁၁၂ |
| ၁၂ | မွန် | ၂၇ | ၃ | ၃၀ |
| ၁၃ | ရခိုင် | ၂၀ | ၂ | ၂၂ |
| ၁၄ | ရန်ကုန် | ၁၄ | ၂၁ | ၃၅ |
| ၁၅ | ရှမ်း(တောင်) | ၆၀ | ၄၅ | ၁၀၅ |

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | သတင်းထုတ်ပြန်မှု | | |
|---|---|---|---|---|
| | | သတင်းစာ၊ ဂျာနယ် | ရုပ်သံ | ပေါင်း |
| ၁၆ | ရှမ်း(မြောက်) | ၁၈ | ၂၄ | ၄၂ |
| ၁၇ | ရှမ်း(အရှေ့) | ၂၃ | ၇ | ၃၀ |
| ၁၈ | ဧရာဝတီ | ၂၈ | ၃၉ | ၆၇ |
| | စုစုပေါင်း | ၅၅၀ | ၆၇၄ | ၁၂၂၄ |

## ၇။ အခြေခံအဆောက်အအုံဆိုင်ရာကဏ္ဍများ

### ၇-၁။ ကဏ္ဍအလိုက်စီမံကိန်းလုပ်ငန်းခွဲအမျိုးအစားများ

၄၂။ ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် ပြည်နယ်/တိုင်းဒေသကြီး(၁၇)ခုမှ မြို့နယ်ပေါင်း (၂၅၉) မြို့နယ်၊ ကျေးရွာပေါင်း (၂၅၀၅)ရွာတွင် စီမံကိန်း လုပ်ငန်းခွဲပေါင်း (၄၄၀၂)ခုအား အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။ ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်မှုများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) လမ်းပန်းဆက်သွယ်ရေး (လမ်း၊တံတား၊ ဆိပ်ခံတံတား)- ၅၈.၂%

(ခ) ပညာရေး - ၅.၇ %

(ဂ) ရေရရှိရေးနှင့်ကျန်းမာသန့်ရှင်းရေး - ၂၇.၉%

(ဃ) ကျန်းမာရေး - ၀.၂ %

(င) အခြားအဆောက်အဦး - ၁.၉%

(စ) အခြား - ၆.၁%

### ပြည်နယ်/တိုင်းဒေသကြီးအလိုက် လုပ်ငန်းအမျိုးအစားကဏ္ဍအခြေပြဇယား

| စဉ် | ပြည်နယ်/ တိုင်း | စီမံကိန်း ဆောင်ရွက်သည့် မြို့နယ် ပေါင်း | စီမံကိန်း ဆောင်ရွက်သည့် ကျေးရွာ ပေါင်း | လုပ်ငန်းအမျိုးအစားကဏ္ဍ | | | | | | စုစု ပေါင်း |
|---|---|---|---|---|---|---|---|---|---|---|
| | | | | လမ်းပန်း ဆက်သွယ်ရေး | ပညာရေး | ရေရရှိရေးနှင့် ကျန်းမာသန့်ရှင်းရေး | ကျန်းမာရေး | အခြားအဆောက် အဦး | အခြား | |
| ၁။ | ကချင်ပြည်နယ် | ၁၃ | ၉၁ | ၇၃ | ၁၄ | ၇၇ | ၁ | ၁၅ | ၁၁ | ၁၉၁ |
| ၂။ | ကယားပြည်နယ် | ၇ | ၁၁၁ | ၁၃၃ | ၉ | ၃၃ | ၀ | ၁၇ | ၆ | ၁၉၈ |

| စဉ် | ပြည်နယ်/ တိုင်း | စီမံကိန်း ဆောင်ရွက် သည့် မြို့နယ် ပေါင်း | စီမံကိန်း ဆောင် ရွက်သည့် ကျေးရွာ ပေါင်း | လုပ်ငန်းအမျိုးအစားကဏ္ဍ | | | | | | စုစု ပေါင်း |
|---|---|---|---|---|---|---|---|---|---|---|
| | | | | လမ်းပန်း ဆက်သွယ်ရေး | ပညာရေး | ရေနှင့်ကျန်းမာ သန့်ရှင်းရေး | ကျန်းမာရေး | အခြားအဆောက် အဦ | အခြား | |
| ၃။ | ကရင်ပြည်နယ် | ၇ | ၁၁၁ | ၈၉ | ၁၈ | ၂၄ | ၀ | ၁ | ၀ | ၁၃၂ |
| ၄။ | ချင်းပြည်နယ် | ၈ | ၁၁၁ | ၁၀၉ | ၄ | ၃၀ | ၀ | ၃ | ၃ | ၁၄၉ |
| ၅။ | စစ်ကိုင်းတိုင်းဒေသကြီး | ၃၇ | ၂၅၁ | ၂၂၂ | ၃၈ | ၉၄ | ၁ | ၅ | ၁၉ | ၃၇၉ |
| ၆။ | တနင်္သာရီတိုင်းဒေသကြီး | ၁၀ | ၁၁၁ | ၅၉ | ၁၅ | ၅၇ | ၀ | ၈ | ၂ | ၁၄၁ |
| ၇။ | မကွေးတိုင်းဒေသကြီး | ၂၄ | ၂၅၀ | ၁၇၃ | ၅ | ၇၉ | ၀ | ၄ | ၇ | ၂၆၈ |
| ၈။ | မန္တလေးတိုင်းဒေသကြီး | ၂၃ | ၂၅၀ | ၂၁၄ | ၉ | ၁၀၀ | ၀ | ၆ | ၂၉ | ၃၅၈ |
| ၉။ | မွန်ပြည်နယ် | ၁၀ | ၁၁၁ | ၁၂၇ | ၁၇ | ၁၀၀ | ၀ | ၃ | ၂၄ | ၂၇၁ |
| ၁၀။ | ရခိုင်ပြည်နယ် | ၄ | ၁၁၁ | ၁၅၈ | ၁၄ | ၉၀ | ၄ | ၀ | ၃ | ၂၆၉ |
| ၁၁။ | ရန်ကုန်တိုင်းဒေသကြီး | ၁၁ | ၁၁၁ | ၁၀၇ | ၀ | ၉၉ | ၁ | ၁ | ၁၃ | ၂၂၁ |
| ၁၂။ | ရှမ်းပြည်နယ်(တောင်) | ၁၂ | ၁၁၃ | ၁၁၆ | ၄ | ၁၁ | ၀ | ၁ | ၁၀ | ၁၄၂ |
| ၁၃။ | ရှမ်းပြည်နယ်(မြောက်) | ၁၀ | ၉၅ | ၈၅ | ၁၃ | ၅၆ | ၀ | ၃ | ၆ | ၁၆၃ |
| ၁၄။ | ရှမ်းပြည်နယ်(ရှေ့) | ၈ | ၆၅ | ၄၆ | ၂ | ၁၉ | ၀ | ၀ | ၄ | ၇၁ |
| ၁၅။ | ဧရာဝတီတိုင်းဒေသကြီး | ၂၃ | ၂၅၁ | ၃၆၂ | ၈ | ၆၅ | ၀ | ၈ | ၂၃ | ၄၆၆ |
| ၁၆။ | နေပြည်တော် | ၅ | ၁၁၁ | ၉၆ | ၄၃ | ၅၀ | ၂ | ၅ | ၂၉ | ၂၂၅ |
| ၁၇။ | ပဲခူးတိုင်းဒေသကြီး | ၂၈ | ၂၅၁ | ၃၉၄ | ၃၆ | ၂၄၂ | ၁ | ၅ | ၈၀ | ၇၅၈ |
| | စုစုပေါင်း | ၂၅၉ | ၂၅၀၅ | ၂၅၆၃ | ၂၄၉ | ၁၂၂၆ | ၁၀ | ၈၅ | ၂၆၉ | ၄၄၀၂ |

မှတ်ချက်။ **Pilot** ကျေးရွာ (၁၇)ရွာနှင့် စီမံကိန်းအကောင်အထည်ဖော်သည့် ကျေးရွာ (၂၄၈၈) စုစုပေါင်း (၂၅၀၅)ရွာ ဖြစ်ပါသည်။

## ၇-၂။ လုပ်သားပါဝင်မှု

၄၃။ စီမံကိန်းသည် လုပ်အားခပေးချေလိုသည့် ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်သော စီမံကိန်း ဖြစ်သည့်အတွက် စီမံကိန်းမြို့နယ်ပေါင်း (၂၅၉) မြို့နယ်၊ ကျေးရွာ (၂၅၀၅) ရွာရှိ အကျိုးပြု အိမ်ထောင်စုပေါင်း (၃) သိန်းခန့်ကို အကျိုးခံစားခွင့် ရရှိစေခဲ့ပါသည်။ စီမံကိန်းမှ အောက်ပါ အတိုင်း အကျိုးခံစားခွင့်ရရှိခဲ့ပါသည် -

(က) လုပ်သားအရေအတွက်ပေါင်း (၂.၈) သန်းခန့် အလုပ်အကိုင် အခွင့်အလမ်းရရှိစေခြင်း၊

(ခ) ဒေသတွင်းပြည်သူများမှ လုပ်အားခငွေကျပ် (၁၇) ဘီလီယံခန့် အကျိုးခံစားခွင့်ရရှိစေခြင်း၊

(ဂ) အမျိုးသမီးလုပ်သား (၄၂%)ခန့် အလုပ်အကိုင်အခွင့်အလမ်းရရှိစေခြင်း၊

(ဃ) စီမံကိန်းမှ အမျိုးသမီးများဦးဆောင်ခွင့်၊ ဆုံးဖြတ်ခွင့်၊ ပါဝင်နိုင်ခွင့်အပြင် တန်းတူလုပ်အားခများ ရရှိအောင် ဆောင်ရွက်နိုင်ခြင်း၊

(င) အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများမှ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေခြင်း။

### ၇-၃။ **သဘာဝဘေးအန္တရာယ်ကြောင့်ပျက်စီးဆုံးရှုံးမှုများ**

၄၄။ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ချိန်သည် မိုးတွင်းကာလဖြစ်သောကြောင့် စီမံကိန်းလုပ်ငန်းခွဲအချို့မှာ အကောင်အထည်ဖော်ရာတွင် နှောင့်နှေးကြန့်ကြာခြင်း၊ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လုပ်ငန်းခွဲအချို့မှာ ပျက်စီးဆုံးရှုံးခြင်းများ ကြုံတွေ့ခဲ့ရပါသည်။ သဘာဝဘေးအန္တရာယ်ကျရောက်လာပါက တုံ့ပြန်ဆောင်ရွက်တတ်စေရန်၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာကြိုတင်ကာကွယ်ရမည်များကို သိရှိစေရန်၊ သဘာဝဘေးကြောင့် ပျက်စီးဆုံးရှုံးမှုများကို ပြန်လည်ပြင်ဆင်တတ်စေရန်မြို့နယ် ကျေးလက်ဦးစီးဌာန စီမံကိန်း တာဝန်ခံများ၏ အတွေ့အကြုံများ အပေါ်အခြေခံ၍ စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်မြို့နယ်၊ ရှမ်းပြည်နယ် တောင်ပိုင်း၊ ဆီဆိုင်မြို့နယ်တို့၏ ကျေးရွာ(၄) ရွာတွင် လမ်းလုပ်ငန်းခွဲ (၄) ခု၏ ပျက်စီးမှုများကို ကျေးရွာပြည်သူလူထုကိုယ်တိုင်ပြန်လည်ပြုပြင် ဆောင်ရွက်နိုင်ခဲ့ပါသည်။

## ၈။ **ကဏ္ဍာအလိုက်စစ်ဆေးခြင်း**

### ၈-၁။ **ဌာနတွင်းစာရင်းစစ်ဆေးခြင်း (Internal Audit)**

၄၅။ ဌာနတွင်းစာရင်းစစ်ဆေးရေးအဖွဲ့ (၁၀)ဖွဲ့ ဖွဲ့စည်းပြီး နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်သို့ (၇.၉.၂၀၂၀) ရက်နေ့တွင် ကွင်းဆင်းသွားရောက်စစ်ဆေးခဲ့ပါသည်။ ယင်းကွင်းဆင်းစစ်ဆေးတွေ့ရှိချက်များကို အခြေခံ၍ မြို့နယ်/ကျေးရွာများတွင် ထားရှိရမည့် စာရွက်စာတမ်းများစာရင်း၊ ကွင်းဆင်းစစ်ဆေးရာတွင် လိုက်နာရမည့်အချက်များ၊ စစ်ဆေးရမည့် အချက်များပါရှိသော လမ်းညွှန်ချက်များကို ပြည်နယ်/တိုင်းဒေသကြီး ဦးစီးမှူးများအား ညွှန်ကြားချက်ထုတ်ပြန်ခဲ့ပါသည်။ ထို့အပြင် သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး စီမံကိန်း တာဝန်ခံများ၊ ခရိုင်ဦးစီးမှူး၊ မြို့နယ်ဦးစီးမှူးများသို့ (၁၄.၉.၂၀၂၀) ရက်နေ့တွင် **Video conferencing** စနစ်ဖြင့် ယင်းလမ်းညွှန်ချက်များကို ကျယ်ကျယ်ပြန့်ပြန့် သင်တန်းပို့ချပေးခဲ့ပါသည်။

## ၈-၂။ နည်းပညာဆိုင်ရာစစ်ဆေးခြင်း (Technical Audit )

၄၆။ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်သော မြို့နယ်များနှင့်ကျေးရွာများသို့ ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၏ ကွင်းဆင်းစစ်ဆေးချက် အရလည်းကောင်း၊ ရုံးချုပ်မှအဖွဲ့များ၏ ကွင်းဆင်းတွေ့ရှိချက်များအရ လည်းကောင်း အဆိုပါကွင်းဆင်းတွေ့ရှိချက်များအပေါ် အခြေခံပြီး သင်ခန်းစာများ ဖော်ထုတ်၍ လမ်းညွှန်ချက်များ ထုတ်ပြန်နိုင်ခဲ့ပါ သည်။ အဆိုပါလမ်းညွှန်ချက်သည် စီမံကိန်းဆောင်ရွက်သည့် မြို့နယ်နှင့် ကျေးရွာအားလုံးကို လွှမ်းခြုံသော လိုက်နာဆောင်ရွက်ရမည့် ညွှန်ကြားချက်ဖြစ်ပါသည်။

၄၇။ နည်းပညာဆိုင်ရာ စစ်ဆေးမှုအနေဖြင့် တပ်ကုန်းမြို့နယ် ကုန်းရွာကျေးရွာ၏ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မှုကို စီမံကိန်းလက်စွဲပါအတိုင်း လိုက်နာဆောင်ရွက် ခြင်းရှိ/မရှိ၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှု ရှိ/မရှိ စီမံကိန်းမှ ဆောင်ရွက်ခွင့်ရှိသော လုပ်ငန်း ဟုတ်/မဟုတ်၊ စီမံကိန်းမှ သတ်မှတ်သည့်လုပ်သားပါဝင်မှု ပြည့်မီခြင်း ရှိ/မရှိ စသည့်နည်းပညာပိုင်းဆိုင်ရာ စစ်ဆေးခြင်းများအား ကျေးလက်ဦးစီးရုံးချုပ်မှ ကွင်းဆင်းစစ်ဆေးခဲ့ပြီး စိစစ်တွေ့ရှိချက်အရ နည်းပညာပိုင်းဆိုင်ရာ အားနည်းချက်၊ အားသာချက်များကို ဖော်ထုတ်၍ လမ်းညွှန်ချက်များ၊ မြို့နယ်မှ စစ်ဆေးနိုင်စေရန် စစ်ဆေးရမည့်စာရင်းများ(**Check List**) ကို စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်နေသော မြို့နယ်များသို့ ထုတ်ပြန်နိုင်ခဲ့ပါသည်။

## ၈-၃။ **လုပ်ဆောင်ချက်ဆိုင်ရာစစ်ဆေးခြင်း(Performance Audit)**

၄၈။ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ကြိုတင်ပြင်ဆင်ခြင်းများ ဆောင်ရွက်ရာတွင် ပြည်နယ်/တိုင်းဒေသကြီးများ၏ သဘောထားများ ရယူနိုင်ရန်အတွက် အကြံညှိနှိုင်းအစည်းအဝေးများပြုလုပ်ခြင်း၊ ပြီးပြည့်စုံသောစီမံကိန်းဒီဇိုင်းဖြစ်စေရန်အတွက် လူထုဗဟိုပြုစီမံကိန်း၏ သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်ဆိုင်ရာ လေ့လာဆန်းစစ်ချက်မူဘောင် **(Environmental and Social Management Framework)** ကိုအခြေခံပြီး ကမ္ဘာ့ဘဏ်မှ ကျွမ်းကျင်ပညာရှင်များ၏ အကူအညီဖြင့် စီမံကိန်းအကောင်အထည်ဖော်ရေး လက်စွဲပြုစုခြင်းများ ကို ဆောင်ရွက်ခဲ့ပါသည်။ လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် ပြည်နယ်/ တိုင်းဒေသကြီးနှင့် မြို့နယ်အဆင့် တာဝန်ရှိသူများကို ကျေးလက်ဦးစီးဌာန (ရုံးချုပ်)မှ **Video Conferencing** စနစ်ဖြင့် စီမံကိန်းနှင့် ပတ်သက်သည့် ဆရာဖြစ်သင်တန်း၊ အကောင်အထည်ဖော်မှုဆိုင်ရာ ကဏ္ဍအလိုက်သင်တန်းများကို ပို့ချပေးခဲ့ပါသည်။

၄၉။ ကျေးလက်ဦးစီးဝန်ထမ်းများမှာ **VDP** စီမံကိန်း၊ **CDD** စီမံကိန်းတို့တွင် အတွေ့အကြုံများရှိသည့်အပြင် ကျေးရွာကော်မတီဝင်များမှာလည်း ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ခြင်း အတွေ့အကြုံများရှိသောကြောင့် လုပ်ငန်းခွဲများအား သတ်မှတ်အချိန်အတွင်း အချိန်မီပြီးစီး

အောင် ဆောင်ရွက်နိုင်ခဲ့ပါသည်။ ဝန်ထမ်းလိုအပ်ချက်ရှိသော စီမံကိန်းမြို့နယ်များအား လူထုဗဟိုပြု စီမံကိန်းမှ အခြေခံအဆောက်အဦတာဝန်ခံများ၊ လူထုစည်းရုံးရေးမှူးနှင့် လက်ထောက်နည်းပညာမှူး များအား ပံ့ပိုးပေးခြင်း နှင့် ပြည်နယ်/တိုင်းဒေသကြီး၊ ခရိုင်ကျေးလက်ဦးစီးမှ ဝန်ထမ်းများ ဖြည့်တင်း ပေးခြင်းနည်းလမ်းများဖြင့် ဝန်ထမ်းအင်အားအရင်းအမြစ်များ ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ပါသည်။ စီမံကိန်းအကောင်အထည်ဖော်သည့် ကာလတစ်လျှောက်တွင် ပြည်နယ်/တိုင်းဒေသကြီးနှင့် ခရိုင် အဆင့်မှ ဝန်ထမ်းများလည်း လုပ်ငန်းကွင်းဆင်းကြီးကြပ်ခြင်း လုပ်ငန်းစဉ်များတွင် ပူးပေါင်း ပါဝင်ဆောင်ရွက်နိုင်ခဲ့ပါသည်။

၅၀။ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် **COVID-19** ကာလဖြစ်သည့်အတွက် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ လမ်းညွှန်ချက်များ၊ ဒေသဆိုင်ရာလမ်းညွှန်ချက်များကို အပြည့် အဝလိုက်နာ၍ ကန့်သတ်ချက်ဘောင်အတွင်းမှ ကျေးရွာကော်မတီများ၏ အားကို အဓိကရယူ၍ သတ်မှတ်ကာလအတွင်း စီမံကိန်းကို ရာနှုန်းပြည့်ပြီးစီးအောင် အကောင်အထည်ဖော်ဆောင်ရွက် နိုင်ခဲ့ပါသည်။

**၉။ တွေ့ကြုံခဲ့ရသောအခက်အခဲများ**

၅၁။ **Cash For Work** စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဝန်ထမ်းများသို့ သင်တန်းပို့ချ ခြင်းမှ စီမံကိန်းပြီးဆုံးသည်အထိ လေးလခန့်သာ ကြာမြင့်သောကြောင့် အချိန်လုံလောက်မှုမရှိ ခြင်း၊ သင်တန်းပို့ချရာတွင် **video Conferencing** စနစ်ဖြင့် ဆောင်ရွက်ရသောကြောင့် ထိရောက် မှုအားနည်းခြင်း၊ **COVID** ကာလဖြစ်သည့်အတွက် ကျေးရွာများသို့ ကွင်းဆင်းရာတွင် လည်းကောင်း ကျေးရွာသားများကို သင်တန်းပို့ချရာတွင် လည်းကောင်း ကန့်သတ်ချက်အတွင်းမှ ဆောင်ရွက် ရသည့်အတွက် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အောက်ပါအခက်အခဲများ ကြုံတွေ့ရပါသည်-

(က) လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ချိန်သည် မိုးတွင်းကာလဖြစ်သော ကြောင့် လုပ်ငန်းဆောင်ရွက်မှုများ နှောင့်နှေးခြင်း၊

(ခ) စီမံကိန်းဆောင်ရွက်လျက်ရှိသော ကျေးရွာများအနက်မှ အချို့သောကျေးရွာများမှာ ဖုန်း၊ **Internet** လိုင်းမကောင်းသောကြောင့် စီမံကိန်းဆောင်ရွက်မှု အချက်အလက် များ၊ မှတ်တမ်းဓါတ်ပုံများ ကောက်ယူရာတွင် ခက်ခဲခြင်း၊

